

စိတ်ကူးချိုချိုအနုပညာ
mgyoe.com



# ဘာ့ကြောင့် သင် မအောင်မြင်ရသလဲ

ဂျွန်–စုစည်းပြန်ဆိုသည်။

mgyoe.com



mgyoe.com

ဘယ်သူမဆို အောင်မြင်နိုင်ပါတယ်။
သင် မအောင်မြင်သေးဘူးဆို
ဘာမှားနေပြီလဲ။
ဘာအားနည်းချက်ရှိနေပြီလဲ။
အခုပဲ ပြင်ဆင်လိုက်ရအောင်။
အခုပဲ ဖြည့်ဆည်းလိုက်ရအောင်။

ISBN 9789997112514
AH114
9 789997 112514
2,000.00KS

mgyoe.com

ဘာ့ကြောင့်သင်မအောင်မြင်ရသလဲ၊ ဂျွန်
စာမျက်နှာ ၁၆၆+ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘာ့ကြောင့် သင်မအောင်မြင်ရသလဲ

ဌာန်



ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


♦ သင့်ဘဝတစ်သက်တာအတွင်း အောင်မြင်မှု မရရှိစေသော အကြောင်းအရင်းများ ၁

♦ ဘဝတစ်သက်တာ အောင်မြင်မှု မရရှိစေသော အခြေခံအကြောင်းရင်းများ ၃

၁။ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်မှုမရှိဘဲ စဉ်းစားတွေးတောမှုတွေသာ လွန်ကဲစွာ များပြားနေခြင်း ၅

၂။ သင်၏ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းများအပေါ် အာရုံစူးစိုက်မှု မရှိခြင်း ၈

၃။ သင်က ထိတ်လန့်ကြောက်ရွံ့တတ်တဲ့စိတ်နဲ့ ကျရှုံးမှာကို စိုးရိမ်တဲ့စိတ်တွေ များစွာထားရှိနေခြင်း ၁၁

၄။ သင့်မျှော်လင့်ချက်တွေက သင့်ကို ရိုက်ချိုး ဖျက်ဆီးပစ်နိုင်ခြင်း ၁၃

၅။ သင်ထားရှိတဲ့ အဓိကရည်မှန်းချက်ကြောင့် သင့်အတွက် စိတ်ပျက်စရာများ ဖြစ်လာစေခြင်း ၁၅


mgyoe.com

mgyoe.com

၆။ သင့်ဘဝအား ဘေးကင်းလုံခြုံမှုရှိလွန်းသည်ဟု ယူဆထားခြင်း ၁၇
၇။ နားလည်ခွင့်လွှတ်ခြင်းများကို ဟန့်တားမိခြင်း ၁၉
၈။ ပျင်းရိခြင်း ၂၀
၉။ အမေးအမြန်းထူခြင်း ၂၂
၁၀။ အမှားအယွင်းဖြစ်စေသော အခြေအနေများကိုသာ ခေါင်းထဲ
ထည့်စဉ်းစားတတ်ခြင်း ၂၃
၁၀။ ဆိုရှယ်မီဒီယာများဖြင့် အချိန်ကုန်တတ်ခြင်းကများနေခြင်း ၂၄
၁၂။ အစပြုပြီးသောအလုပ်ကို ပြီးဆုံးအောင် လက်စသတ်နိုင်စွမ်း မရှိခြင်း ၂၆
၁၃။ မိမိလုပ်ကိုင်နေတဲ့ စီးပွားရေးကို စီးပွားရေးလုပ်ငန်းအဖြစ် မမှတ်ယူခြင်း ၂၇
၁၄။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိခြင်း ၂၈
၁၅။ မရသင့်မရထိုက်သော အရာတွေကို ရပိုင်ခွင့်အဖြစ် မျှော်မှန်းတတ်ခြင်း ၂၉
၁၆။ အရေးမကြီးသော အရာများအပေါ် စွဲလမ်းနေခြင်း ၃၀
၁၇။ သက်သာသလို နေတတ်ခြင်း/ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတတ်ခြင်း ၃၀
၁၈။ အကောင်းဆုံး စွမ်းဆောင်နိုင်စွမ်းရှိအောင်အားထုတ်ကြိုးစားနိုင်မှု မရှိခြင်း
(အမြင့်မားဆုံးအဆင့်အထိ‥ကြိုးစားမှုမရှိခြင်း) ၃၂
၁၉။ ငွေကြေးရရှိရေးအပေါ်သာ အာရုံစူးစိုက်မှု လွန်ကဲခြင်း ၃၃
၂၀။ အောင်မြင်မှုရရှိရေးအတွက် ပြင်းထန်သောခံစားချက်မရှိခြင်း ၃၅
၂၀။ မကောင်းတဲ့ဘက်က တွေးတတ်ခြင်း ၃၆
၂၂။ သင့်ကိုယ်သင် ရည်မှန်းချက်ကောင်းတွေ မချမှတ်နိုင်သေးသူ
တစ်ယောက်အဖြစ် ရှုမြင်ခြင်း ၃၈
၂၃။ သင့်ကိုယ်သင် ဘယ်သူဆိုတာကို သေချာစွာ မသိရှိခြင်း ၄၀
၂၄။ သင့်ဘက်က အလွယ်တကူ လက်လျှော့တတ်ခြင်း
(လွယ်လွယ်ဖြင့် အရှုံးပေးတတ်ခြင်း) ၄၂
၂၅။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အရာရာတိုင်းကို တတ်နိုင်စွမ်းသည်ဟု

mgyoe.com

mgyoe.com


တစ်ဖက်သတ်ထင်မြင်ယူဆနေခြင်း ၄၃
၂၆။ ငွေကြေးကို ကောင်းစွာ စီမံခန့်ခွဲနိုင်မှု မရှိခဲ့ခြင်း ၄၅
၂၇။ သင့်ကိုယ်သင် လူတကာထက် သာလွန်တဲ့
အကောင်းဆုံးသောပုဂ္ဂိုလ်အဖြစ် ခံယူထားခြင်း ၄၇
၂၈။ အရာရာကို လျှော့တွက်တတ်သောစိတ်ရှိခြင်း ၄၈
၂၉။ လူမှုကွန်ရက်စာမျက်နှာများနှင့် ကင်းဝေးနေခြင်း ၅၀
၃၀။ အခြေအနေနှင့်အချိန်အခါကို လိုက်လျောညီထွေစွာ အသုံးမချနိုင်ခြင်း ၅၁
၃၁။ မဖြစ်မနေ ကြိုးစားအားထုတ်လိုသောစိတ် လျော့နည်းခြင်း ၅၃
၃၂။ ခိုင်မာသော ယုံကြည်ချက်လျော့နည်းခြင်း
(ယုံကြည်ချက်များ ခိုင်မာမှု မရှိခြင်း) ၅၅
၃၃။ ရှေ့နောက် ကြောင်းကျိုးညီညွတ်စွာ ဆောင်ရွက်နိုင်မှု မရှိခြင်း ၅၆
၃၄။ အတိတ်ကာလမှာ ရှိခဲ့သော အမှားများကို မေ့ပျောက်နိုင်စွမ်း မရှိခြင်း ၅၉
၃၅။ စည်းကမ်းမဲ့ခြင်း ၆၀
၃၆။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုမရှိခြင်း ၆၃
၃၇။ ကံစီမံရာအတိုင်း လက်ခံမည်ဟူသော စိတ်နေစိတ်ထားရှိနေခြင်း ၆၄
၃၈။ အောင်မြင်မှုက ဘယ်လိုအရာမျိုးဆိုတာကို သေချာစွာ မသိရှိခြင်း ၆၅
၃၉။ အောင်မြင်မှုအတွက် အထောက်အကူမပြုနိုင်သောသူများနှင့်သာ
ထိတွေ့ခြင်း၊ သင့်ဘဝတိုးတက်အောင် ကပ်ပေးနိုင်တဲ့လူတွေက
သင့်အနီးတစ်ပိုက်မှာ ဝန်းရံပေးမှုမရှိခြင်း ၆၆
၄၀။ အပြုသဘောဆောင် အကောင်းမြင်တတ်သောစိတ် မရှိခြင်း ၆၇
၄၁။ လေးကန်ဖင့်နွဲ့ခြင်း/အလုပ်ကို နေ့ရွှေ့ညရွှေ့ ဆိုင်းငံ့ခြင်း ၆၈
၄၂။ သင်က သေမျိုးဖြစ်တယ်ဆိုတာကို မေ့လျော့နေခြင်း ၆၉
၄၃။ အခြားလူတွေရဲ့ မိုက်မဲသောအကြံဉာဏ်များကို နားထောင်မိခြင်း ၇၀
၄၄။ သင်က မကောင်းသောနေရာဌာနတွင် ရောက်ရှိနေခြင်း ၇၂


mgyoe.com

mgyoe.com

၄၅။ အိပ်မက်စိတ်ကူးများ အပေါ်ယုံကြည်ချက် မထားရှိနိုင်ခြင်း ၇၃
၄၆။ သင့်ကိုယ်သင် စိတ်ဓာတ်တက်ကြွအောင် လှုံ့ဆော်နိုင်စွမ်း မရှိခြင်း ၇၄
၄၇။ တစ်ဖန်နှောင်တရခြင်းက စိတ်ကသိကအောက် ဖြစ်တတ်တာကို
နားလည်နိုင်စွမ်း မရှိခြင်း ၇၅
၄၈။ သင့်အား လိုအပ်သလို သတိပေး/အချက်ပြခြင်းတွေ လုပ်ပေးနိုင်တဲ့
သက်ရှိသက်မဲ့အရာတွေ လုံးဝ မရှိထားခြင်း ၇၇
၄၉။ မကျေမနပ်တိုင်တန်း ပြောဆိုမှုများပြီး လက်တွေ့လုပ်ကိုင်နိုင်မှု
လျော့နည်းခြင်း ၇၈
၅၀။ အတ္တမာန ကြီးမားနေခြင်း ၇၉
၅၁။ ရှိရှိသမျှ အလုပ်အားလုံး တစ်ဦးတည်း တစ်ယောက်တည်း လုပ်နိုင်စွမ်း
ရှိတယ်လို့ တစ်ဖက်သတ် ထင်မြင်ယူဆ ယုံကြည်နေခြင်း ၈၀
၅၂။ ခက်ခဲသောအခြေအနေနှင့် ကြုံတွေ့ရချိန် စိတ်ပျက်လွယ်တတ်ခြင်း ၈၂
၅၃။ စက်ဆုပ်ဖွယ်ကောင်းသောသူများ သင့်အနီးတွင်ရှိနေခြင်း ၈၄
၅၄။ ကိုယ့်ကိုယ်ကိုယ်အနားမပေးဘဲ တရစပ်ခိုင်းစေခြင်း ၈၆
၅၅။ တစ်ဆက်တည်း (ဆက်တိုက်) လေ့လာသင်ယူနိုင်စွမ်း မရှိခြင်း ၈၇
၅၆။ အပြောင်းအလဲများအပေါ် သက်သောင့်သက်သာ မဖြစ်ခြင်း
(အပြောင်းအလဲများ ဝေဒနာကိုမခံနိုင်ခြင်း) ၈၉
၅၇။ အခြားလူများက သင့်အပေါ် ဩဇာသက်ရောက်လွှမ်းမိုးခြင်းကို
အလွယ်တကူ ခွင့်ပြုမိခြင်း ၉၀
၅၈။ သင့်ဘဝတစ်သက်တာအတွက် အချိန်တွေက
အကန့်အသတ်ရှိတယ်ဆိုတာကို တန်ဖိုးမထားခြင်း ၉၁
၅၉။ အောင်မြင်မှုမရရှိတတ်သောသူတွေက လူတွေရဲ့အကြောင်းကိုသာ
ပြောဆိုတတ်ပြီး အောင်မြင်မှုရရှိသူတွေကတော့
ထူးခြားတဲ့စိတ်ကူးစိတ်သန်းတွေ ပြောင်မြောက်တဲ့ စဉ်းစားတွေးခေါ်မှုတွေ

mgyoe.com

mgyoe.com

အကြောင်းကိုသာ အသားပေးပြောဆိုတတ်ခြင်း ၉၃
၆၀။ အောင်မြင်တဲ့သူတွေက သူတို့ရဲ့ ကျရှုံးမှုအတွက် တာဝန်ဝတ္တရားတွေကို ကျေနပ်စွာလက်ခံတတ်လေ့ရှိပြီး အောင်မြင်မှုမရတဲ့သူတွေကတော့ အခြားလူတွေကို အပြစ်ဖို့ လွှဲချတတ်ခြင်း ၉၅
၆၁။ အောင်မြင်မှုရသူတွေက သူတို့ရဲ့ဂုဏ်သတင်းကို တစ်ဦးတည်း ရယူခံစားခြင်း မရှိတတ်ဘဲ အခြားလူတွေကို မျှဝေပေးတတ်ပါတယ်၊ အောင်မြင်မှုမရရှိတဲ့ သူတွေကတော့ အခြားလူတွေဆီက ကောင်းမြတ်တဲ့ဂုဏ်သတင်းတွေကို ခိုးယူ၊ လုယူခြင်း ရှိတတ်ပါတယ် ၉၆
၆၂။ အောင်မြင်တဲ့သူတွေဟာ သူတို့နည်းတူ အခြားလူတွေကိုလည်း အောင်မြင် စေချင်တဲ့စိတ်ရှိကြပြီး အောင်မြင်မှုမရတဲ့သူတွေကတော့ သူတို့နည်းတူ အခြားလူတွေကျရှုံးစေဖို့ တိတ်တဆိတ် မျှော်လင့်တတ်ကြပါတယ် ၉၈
၆၃။ အောင်မြင်သောသူတွေက အဆက်မပြတ်သော လေ့လာသင်ယူမှုတွေ လုပ်တတ်ပြီး မအောင်မြင်တဲ့သူတွေကတော့ ဖြတ်လမ်းနည်းကိုသာ အဓိက စဉ်းစားတတ်ခြင်း ၉၉
၆၄။ အောင်မြင်တဲ့သူတွေဟာ အခြားလူတွေကို ကူညီပေးနိုင်မယ့် အခွင့်အလမ်း တွေကိုသာ ရှာဖွေတတ်ပြီး အောင်မြင်မှုမရတဲ့သူတွေကတော့ သူတို့ကိုယ်ကျိုး (အတ္တ) ပြည့်ဝစေရေးအတွက်သာ အဓိက အာရုံစိုက်တတ်သူတွေ ဖြစ်ပါတယ် ၁၀၀
၆၅။ အောင်မြင်တဲ့သူတွေက ကျရှုံးမှုအပေါ် ကျေနပ်စွာခံယူပြီး မအောင်မြင်တဲ့သူ တွေကတော့ ကျရှုံးမှာကို ကြောက်ရွံ့တတ်ကြပါတယ် ၁၀၀
၆၆။ အောင်မြင်သောသူတွေက အခွင့်အရေးကောင်းတွေ ယူတတ်ကြပြီး သူတို့လိုချင်သောအရာတွေအတွက်လည်း တောင်းဆိုတတ်သူတွေ ဖြစ်ပါတယ်။ မအောင်မြင်တဲ့သူတွေကတော့ အခွင့်အရေးကောင်းတွေ တံခါးလာခေါက်တာကိုလည်း လုံးဝမကြား။ တိုးတက်ရာတိုးတက်ကြောင်း

mgyoe.com

mgyoe.com

လုပ်ပေးနိုင်သူတွေထံကလည်း အခွင့်အရေးကောင်းတွေ မတောင်းဆိုတတ်ဘဲ နေတတ်ကြပါတယ် ၁၀၂
၆၇။ အောင်မြင်လိုတဲ့သူတွေဟာ သူတို့ကိုယ်သူတို့ နားလည်နိုင်အောင် အစဉ်အမြဲကြိုးစားတတ်ကြပြီး အောင်မြင်မှုမရတဲ့သူတွေကတော့ ကိုယ့်ကိုယ်ကိုယ် အစဉ်အမြဲ ဆန်းစစ်လေ့လာခြင်းတွေ မလုပ်တတ်ကြပါဘူး ၁၀၃
၆၈။ အောင်မြင်သောသူတွေက ပထမဆုံး နားထောင်တတ်ကြပြီး အခြားလူတွေ ပြောဆိုသမျှ ကိစ္စတိုင်းအပေါ် စိတ်ရှည်သည်းခံစိတ်ဖြင့် တောက်လျှောက် နားထောင်တတ်ကြပါတယ် ၁၀၄
၆၉။ အောင်မြင်တဲ့လူတွေဟာ ပွင့်လင်းမြင်သာစွာ ပြောဆိုပြုမူတတ်ကြပြီး မအောင်မြင်တဲ့လူတွေကတော့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခြင်း၊ လျှို့ဝှက်တတ်ခြင်းတွေနဲ့ အမြဲတမ်း ပြင်ဆင်ထားတတ်ကြပါတယ် ၁၀၅
၇၀။ အောင်မြင်တဲ့လူတွေက အပြုသဘောဆောင် အကောင်းမြင်တတ်ကြပြီး မအောင်မြင်တဲ့လူတွေက အရာရာကို မကောင်းမြင်တတ်ကြပါတယ် ၁၀၆
၇၁။ အောင်မြင်တဲ့သူတွေဟာ ကျေးဇူးတရားကို သိတတ်နားလည်ပြီး သနားကြင်နာစိတ်တွေ ထားရှိတတ်ကြပါတယ် ၁၀၈
၇၂။ ဘယ်အရာမှ ထင်ထားသလောက် ဘယ်တော့မှ မကောင်းနိုင်ဟု ထင်မြင်ယူဆမိခြင်း ၁၀၉
၇၃။ ပြိုင်ဘက်များအပေါ် ရန်သူအဖြစ်သဘောထားခြင်း ၁၁၃
၇၄။ သင်က အရာအားလုံးကို ရယူပိုင်ခွင့်မရှိပါ (အရာအားလုံးက သင့်အတွက်မဟုတ်ဆိုတာကို နားမလည်ခြင်း) ၁၁၅
၇၅။ သင် ဘယ်ကလာသည်ကို မေ့လျော့နေခြင်း ၁၁၇
၇၆။ သင့်မှာရှိလာမည့်အရာများအတွက် သင်ကိုယ်တိုင် စီမံဆုံးဖြတ်နိုင်စွမ်း မရှိခြင်း ၁၁၈
၇၇။ ကောင်းမြတ်သော စိတ်နေစိတ်ထားဖြင့်

mgyoe.com

mgyoe.com


ဝင်ငွေရရှိအောင် ရှာဖွေနိုင်မှု မရှိခြင်း ၁၂၀

၇၈။ ဘဝမှာ အရာရာတိုင်းက စိတ်ဖိစီးစရာ၊ စိတ်ဆင်းရဲစရာတွေသာ ဖြစ်တယ်လို့ တစ်ဖက်သတ်ထင်မြင်ယူဆခြင်း ၁၂၀

၇၉။ ယနေ့ကာလ အိုင်ကျူ (IQ) မြင့်မားမှု လိုအပ်ချက်တွေအပေါ် မျက်ကွယ်ပြုမိခြင်း ၁၂၂

၈၀။ ကံကောင်းခြင်းများ ရောက်လာရေးကိုသာ စောင့်မျှော်နေခြင်း ၁၂၄

၈၁။ ချီးမွမ်းပြောဆိုခြင်းများကို မျှော်လင့်မိခြင်း ၁၂၆

၈၂။ လောကဟာ ပေးကမ်းတတ်သူတွေအပေါ် ပေးကမ်းမှုတွေလုပ်မှာဖြစ်ပြီး ယူတတ်သူတွေထံက ယူဆောင်ခြင်းတွေ လုပ်တတ်တဲ့သဘောကို နားလည်နိုင်စွမ်း မရှိခြင်း ၁၂၉

၈၃။ လက်ရှိရနေသော အခွင့်အရေးကိုသာ အာရုံစိုက်ရုံမက နောက်ထပ်အခွင့်အရေးများ ရရှိရေးကိုပါ စောင့်မျှော်နေတတ်ခြင်း ၁၃၀

၈၄။ အခွင့်အရေးကောင်းများကို အချိန်အခါသင့် အသုံးမချနိုင်ခြင်း ၁၃၂

၈၅။ သင်က ဂိမ်းတစ်ခုကို ကစားတတ်ဖို့ ကြိုးစားခြင်းထက် ဂိမ်းတည်ဆောက်ထားပုံကို နားလည်အောင် မကြိုးစားခြင်း ၁၃၃

၈၆။ သင့် လက်ရှိရာထူးအဆင့်အတန်းကို ဆက်လက်မြှင့်တင်ပေးနိုင်စွမ်း မရှိခြင်း ၁၃၄

၈၇။ အောင်မြင်မှုကရွေးချယ်မှုအပေါ်များစွာ မူတည်ခြင်း ၁၃၇

၈၈။ သင့်အလုပ်ကို ပထမတန်းစားအဆင့်ရှိတဲ့ စွမ်းဆောင်မှုတွေနဲ့ တိုးတက်အောင် မလုပ်ဆောင်နိုင်ခြင်း ၁၃၈

၈၉။ ထိရောက်သောလုပ်ဆောင်မှုတွေ ဖြစ်လာအောင် အကောင်းဆုံးဆောင်ရွက်ပေးမှုမရှိခြင်း ၁၃၉

၉၀။ ၅ မိနစ်ဆိုသော အချိန်အား တန်ဖိုးထားမှု မရှိခြင်း ၁၄၀

၉၁။ ၁ ဒေါ်လာဆိုသော ငွေကြေးပမာဏကို တန်ဖိုးမထားခြင်း ၁၄၂


mgyoe.com

mgyoe.com


၉၂။ အလုပ်မှ အနားယူခြင်းကို ရည်မှန်းချက်တစ်ခုအဖြစ် မှားယွင်းစွာ သတ်မှတ်မိခြင်း ၁၄၅

၉၃။ နက်ဖြန်ဆိုသော ကာလက ယနေ့ထက်ပိုပြီး အရေးကြီးတယ်ဆိုတာကို မသိရှိခြင်း ၁၄၈

၉၄။ အရာရာ အလွယ်တကူ အလျှော့ပေးတတ်ခြင်းကြောင့် နောက်ကျကျန်ရစ်ခြင်း ၁၅၀

၉၅။ သင်နားထောင်တဲ့ဂီတသီချင်းတွေက သင့်ဘဝ တိုးတက် အောင်မြင်အောင်အကောင်အထည်ဖော်ရေး အစီအစဉ်တွေကို အဆုံးအဖြတ်ပေးနိုင်သည်ကို မသိရှိခြင်း ၁၅၂

၉၆။ မိမိလုပ်ဆောင်ရမည့် တာဝန်များကို တွန်းထုတ်တတ်ခြင်း ၁၅၄

၉၇။ ဘယ်အရာကိုမျှ အကောင်းဆုံးလုပ်ဆောင်နိုင်ခြင်း မရှိတဲ့သဘောကို လက်မခံတတ်ခြင်း ၁၅၅

၉၈။ ပြစ်တင်ဝေဖန်ခံရခြင်းများအပေါ် ကြောက်ရွံ့တတ်ခြင်း ၁၅၇

၉၉။ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်း အားနည်းခြင်း ၁၅၉

၁၀၀။ လိုအပ်သောအချိန် အကူအညီတောင်းခံမှု မရှိခြင်း ၁၆၀

၁၀၁။ ကျေးဇူးမသိတတ်ခြင်း ၁၆၁

၁၀၂။ ကျရှုံးမှုများကတစ်ဆင့် သင်ခန်းစာမယူတတ်ခြင်း ၁၆၂

၁၀၃။ ကိုယ်ပိုင်စွမ်းဆောင်ရည်များအပေါ် အလေးမမူခြင်း ၁၆၃

၁၀၄။ ရည်မှန်းချက်အောင်မြင်ဖို့ တစ်သမတ်တည်းသော သဘောထားရှိနိုင်စွမ်းရှိခြင်း (အပြောနှင့်အလုပ် ရှေ့နောက် ညီညွတ်မှုမရှိခြင်း) ၁၆၄

၁၀၅။ အဆင့်ဆင့်တိုးတက် အောင်မြင်နေသောအရှိန်ကို တန့်သွားစေခြင်း (ဆက်လက် တိုးတက်နိုင်ခြေရှိသည့် အကြားက ရုတ်တရက် ရပ်တန့်ပစ်ခြင်း) ၁၆၆


mgyoe.com

mgyoe.com

## သင့်ဘဝ တစ်သက်တာအတွင်း အောင်မြင်မှု မရရှိစေသော အကြောင်းရင်းများ

လောကမှာ အောင်မြင်မှုရသူတွေနဲ့ အောင်မြင်မှု မရရှိတဲ့သူတွေ အကြား ကြီးမားတဲ့ကွာခြားချက်ကတော့ အောင်မြင်မှုမရတဲ့သူတွေဟာ စွမ်းဆောင်ရည် လျော့နည်းလို့လည်းမဟုတ် ... ကိုယ်ပိုင်အရည်အသွေး အရည်အချင်းတွေ မရှိလို့လည်းမဟုတ် ... ပညာဉာဏ်နဲ့ ဗဟုသုတ နည်းပါးလို့လည်း မဟုတ်ဘဲ အောင်မြင်မှုရချင်တဲ့စိတ် နည်းပါးနေလို့ သာဖြစ်တယ်ဆိုတာကို တွေ့ရှိရပါတယ် ...။

သင့်ဘဝ တိုးတက်အောင်မြင်မှုတွေ အရမ်းကို နောက်ကျနေ တယ်လို့ ခံစားမိပြီး စိတ်ဓာတ်ကျနေပါသလား။

သင့်ရဲ့ ကြိုးစားအားထုတ်မှုတွေက အောင်မြင်မှုရရှိနိုင်တဲ့ အခြေ အနေနဲ့ နီးစပ်မှု ရှိနိုင်ရဲ့လား။

သင့်အောင်မြင်မှုအတွက် ကြိုးစားအားထုတ်မှုအရှိန်အဟုန် မြှင့် တင်နိုင်ဖို့ သင့်ကိုယ်သင် နိုးကြားတက်ကြွအောင် လှုံ့ဆော်တိုက်တွန်းမှု တွေ လုပ်နိုင်ပါသလား။

အထက်ပါ မေးခွန်းအားလုံးဟာ သင့်ဘဝ တိုးတက်အောင်မြင်မှု

mgyoe.com

 mgyoe.com 

ကို ထင်ဟပ်စေမယ့် မေးခွန်းတွေဖြစ်တာကြောင့် သင်ဟာ အမှန်တကယ် အောင်မြင်မှုရယူလိုတယ်ဆိုရင် အောင်မြင်မှုမရရှိစေတဲ့ အခြေခံအကြောင်းရင်းတွေကို ပထမဦးစွာ သိရှိထားဖို့လိုပါတယ်။ သင်က ဘဝတစ်သက်တာအတွင်း အောင်မြင်မှု မရစေသော အခြေခံ အကြောင်းရင်းတွေကို သေချာစွာ နားလည်သိရှိထားမှသာ လိုအပ်သလို တွေးခေါ်ဆင်ခြင်မှုတွေ လုပ်နိုင်မှာဖြစ်ပြီး အောင်မြင်မှုဆီ သွားရောက်နိုင်တဲ့ လမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

သင့်အနေနဲ့ အောက်တွင်ဖော်ပြထားသည့် အောင်မြင်မှု မရရှိစေတဲ့ အခြေခံအကြောင်းရင်းတွေကို အမှတ်စဉ် တစ်ခုချင်းအလိုက် သေချာစွာ လေ့လာပြီးလျှင် နောင်တစ်ချိန် အောင်မြင်မှုရရှိရေးအတွက် ဘယ်လိုအကြောင်းအကျိုးညီစွာ တွေးတောဆင်ခြင် ပြုမူဆောင်ရွက်ရမယ်ဆိုတာကို နားလည်သဘောပေါက်သွားမှာ ဖြစ်ပါတယ် ...။

❐

mgyoe.com

mgyoe.com

# ဘဝတစ်သက်တာ အောင်မြင်မှု မရရှိစေသော အခြေခံအကြောင်းရင်းများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# ၁

## လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်မှု လုံးဝမရှိဘဲ စဉ်းစားတွေးတောမှုတွေသာ လွန်ကဲစွာများပြားနေခြင်း

ကျွန်ုပ်တို့အနေနဲ့ မကြာခဏဆိုသလို လက်တွေ့ကျကျ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းတွေ လုံးဝပဲ စဉ်းစားတွေးတောနေခြင်းတွေနဲ့သာ အချိန်ကုန်သွားတတ်တာကို သတိပြုမိပါလိမ့်မယ်… လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်ခြင်း မပါဘဲ စဉ်းစားတွေးတောခြင်းတွေသာ များနေတဲ့ အခြေအနေဟာ ကျွန်ုပ်တို့က ကိုယ်ပိုင်စိတ်ကူးဉာဏ်တွေနဲ့ ဘယ်အလုပ်ကိုမှ အောင်မြင်အောင် လုပ်နိုင်စွမ်းမရှိတဲ့သဘောကို ဖော်ပြနေခြင်းသာဖြစ်ပါတယ်။ တကယ်တော့ ဘဝတိုးတက် အောင်မြင်မှု ရရှိလာဖို့ သင်၊ ကျွန်ုပ်တို့ကိုယ်တိုင်က လိုအပ်သော ပြောင်းလဲမှုတွေ လုပ်ပေးရမှာဖြစ်ပြီး ပြောင်းလဲမှုတစ်ခုစီအတွက်လည်း အစအဆုံး တာဝန်ယူဆောင်ရွက်နိုင်စွမ်းတွေရှိနေဖို့ လိုအပ်ပါတယ် … သင့်အတွက် အောင်မြင်မှု မရရှိစေတဲ့ ယုံမှားသံသယတွေနဲ့ အိပ်မက်စိတ်ကူးတွေကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ဖို့အတွက် သင့်ရဲ့ လက်တွေ့ကျတဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကသာ အဓိကကျနေမှာ ဖြစ်ပါတယ်။


သင်က စဉ်းစားတွေးတောခြင်းတွေနဲ့သာ အချိန်ကုန်နေခဲ့ရင်တော့ ဘယ်အရာကိုမှ လက်တွေ့လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး…အကယ်၍ သင်က ဘဝမှာ ရင်ဆိုင်ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ရှောင်ဖယ်ခဲ့ရင်လည်း အောင်မြင်မှုရရှိမယ့် အခွင့်အရေးတွေ တစ်သက်လုံး ဆုံးရှုံးသွား

mgyoe.com

mgyoe.com



လက်တွေ့ကျကျ
လုပ်ကိုင်ဆောင်ရွက်မှု
မရှိပဲစဉ်းစားတွေးခေါ်မှုသာ
လွန်ကဲစွာများပြားနေခြင်း



mgyoe.com

mgyoe.com


မှာ ဖြစ်ပါတယ်။

သင့်ဘဝတစ်သက်တာအတွင်း အောင်မြင်မှုမရရှိနိုင်တဲ့ အခြေအနေတွေက များစွာရှိနေတာကြောင့် သင့်ဘက်က အဲဒီမကောင်းတဲ့ အခြေအနေတွေကနေ ရုန်းထွက်နိုင်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။

သင်က အခြေအနေ အကြောင်းတရားအားလုံး အဘက်ဘက်က စင်းလုံးချော ပြည့်စုံကောင်းမွန်တဲ့အထိ စောင့်ဆိုင်းနေမယ်၊ သင့်အတွက် အခွင့်အရေးကောင်း ရလာတဲ့အထိ စဉ်းစားတွေးတောရင်း စောင့်ဆိုင်းနေမယ်ဆိုရင်တော့ ကျန်ရှိတဲ့ သင့်ဘဝသက်တမ်းတစ်ခုလုံး အပြီးသတ်ကုန်ဆုံးတဲ့အထိ ဆက်လက် စောင့်ဆိုင်းခြင်းတွေနဲ့သာ အချိန်ကုန်သွားမှာ ဖြစ်ပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုတွေကို သင့်လက်ရှိရောက်နေတဲ့ဘဝ အခြေအနေကနေသာ အတိအကျ စတင် အကောင်အထည်ဖော်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါကြောင့် သေချာရေရာမှု လုံးဝမရှိတဲ့ သင့်ဘဝတိုးတက် အောင်မြင်မှုအတွက် တစ်စုံတစ်ရာ အထောက်အပံ့မပေးနိုင်တဲ့ စဉ်းစားတွေးတောမှုတွေကို ရပ်တန့်ကရပ်ပြီး လက်တွေ့လုပ်ဆောင်မှုတွေနဲ့ စတင် အကောင်အထည်ဖော်ပေးပါ။ သင်က လက်တွေ့တိုးတက်အောင်မြင်အောင် စတင်နိုင်ပြီဆိုတာနဲ့ သင် ကြိုးစားသလောက် နည်းနည်းဆိုလျှင် နည်းနည်း၊ များများဆိုလျှင် များများ၊ သိသာစွာ တိုးတက်လာတာကို တွေ့ရပါလိမ့်မယ်။

သင့်ဘက်က ကြိုးစားအားထုတ်သလောက် အရာထင်တယ်ဆိုရင် ... သင့်ရဲ့ စဉ်းစားတွေးတောခြင်း သက်သက်ကြောင့် ဖြစ်ပေါ်လာတဲ့ ယုံမှားသံသယတွေကိုလည်း လက်တွေ့ကျကျ ချေဖျက်သွားနိုင်မှာ ဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com

# ၂

## သင်၏ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းများအပေါ် အာရုံစူးစိုက်မှုမရှိခြင်း

သင့်မှာရှိတဲ့ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းတွေအပေါ် အာရုံစူးစိုက်နိုင်မှု မရှိခြင်းဟာ ပြင်ပ ပယောဂအမျိုးမျိုးရဲ့ ကြားဝင်ကန့်သတ် ထိန်းချုပ်မှုတွေကြောင့် ဖြစ်ပေါ်လာတတ်ပြီး သင့်ဘဝတစ်သက်တာ တိုးတက်အောင်မြင်ရေး အစီအစဉ်တွေကို တားဆီးပိတ်ပင်နေမှာ ဖြစ်ပါတယ်။ သင်က အထက်ပါ အတားအဆီးတွေကနေ လုံးဝဥဿုံ ကင်းလွတ်မှသာလျှင် ... အကန့်အသတ်မဲ့ အောင်မြင်နိုင်ခြေရှိတဲ့ အခွင့်အရေး အမျိုးမျိုးကို ရရှိလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် သင့်ရဲ့ကိုယ်ပိုင် ဖန်တီးနိုင်စွမ်းတွေအပေါ် အာရုံစူးစိုက်နိုင်ရေးက အဓိကကျနေမှာ ဖြစ်ပါတယ်။

သင်က စဉ်းစားတွေးတောမှုတွေ ဟိုတစ်စဒီတစ်စ ပြန့်ကျဲပြီး လက်တွေ့ကျကျ လုပ်နိုင်စွမ်းအပေါ် အာရုံစူးစိုက်နိုင်စွမ်း မရှိခဲ့ရင် အောင်မြင်မှု ရရှိနိုင်တဲ့ အခွင့်အရေးတွေကို လက်လွှတ်ခံနေရမှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့က ကိုယ့်ကိုယ်ကိုယ် အကျပ်ကိုင်တာတွေ စည်းမျဉ်းစည်းကမ်း ကန့်သတ်ချုပ်ချယ်တာတွေ လုပ်တတ်ကြသလို တစ်ခါတစ်ရံ စိန်ခေါ်မှု အတားအဆီးတွေနဲ့ ပတ်သက်ပြီး အမျိုးမျိုး

mgyoe.com

mgyoe.com


စဉ်းစားတွေးခေါ်မှုတွေ လုပ်တတ်ကြပြန်ပါတယ်။

ကျွန်ုပ်တို့အားလုံးက ဖြစ်လာနိုင်ခြေရှိတဲ့ ပြဿနာတွေကိုချည်း စဉ်းစားတွေးတောခြင်းထက် အောင်မြင်တိုးတက်နိုင်ခြေရှိတာတွေကိုသာ အဓိက ဦးစားပေး စဉ်းစားပေးဖို့ လိုအပ်ပါတယ်။

သင့်ဘက်က အောင်မြင်နိုင်ခြေ၊ ဖြစ်နိုင်ခြေရှိတဲ့ အရာတွေကိုသာ အဓိက ဦးစားပေးစဉ်းစားမယ်ဆိုရင် သင်က လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မယ့် လမ်းကြောင်းပေါ် ရောက်ရှိသွားပြီး အတွေးအခေါ်ဟောင်းတွေနေရာမှာ အတွေးအခေါ်သစ် အစားထိုးတာတွေ၊ အောင်မြင်လိုစိတ် မြင့်တက်စေဖို့ လိုအပ်တဲ့ ကိုယ့်ကိုယ်ကိုယ် တက်ကြွအောင် လှုံ့ဆော်မှုတွေကို ကိုယ်တိုင် လုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။ သင်က လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်မှုတွေ ရှိလာပြီဆိုရင် ဘယ်လို ပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရသည်ဖြစ်စေ၊ အကောင်းဆုံး ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ကိုယ်တိုင်ရှာဖွေတတ်လာမှာဖြစ်ပြီး လိုအပ်သလို အပြောင်းအလဲတွေကိုလည်း အစီအစဉ်ကျနစွာ ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒီအခါ နောက်ဆက်တွဲ ကောင်းကျိုးအနေနဲ့ ကိုယ်ပိုင် ဖန်တီးနိုင်စွမ်း မြင့်မားလာရေးကို အမြဲတမ်း အာရုံစိုက်နိုင်စွမ်း ရှိလာမှာ ဖြစ်ပါတယ်။

သင်က ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံး ကန့်သတ် ထိန်းချုပ်မှုတွေ လုပ်လိုတယ်ဆိုရင် ... သင့်အတွက် အကျိုးမဲ့စေတဲ့ တွေးတော စဉ်းစားခြင်းတွေ မလုပ်မိအောင် ... သင့်ရဲ့ကြိုးစား အားထုတ်မှုကို အဟန့်အတားဖြစ်စေတဲ့ ယုံမှားသံသယတွေ မဖြစ်ရအောင် သင့်ကိုယ်သင် ကန့်သတ်ထိန်းချုပ်မှုတွေ လုပ်ပေးရမှာ ဖြစ်ပါတယ်။

သင့်ဘက်က ကန့်သတ်ထိန်းချုပ်မှုတွေကို အခြေခံကျကျ ကောင်းမွန်သော အဲရာတွေမှာ အံဝင်ခွင်ကျ အသုံးချနိုင်မယ်ဆိုရင် ... ဘယ်လို

mgyoe.com

mgyoe.com


အကန့်အသတ် အထိန်းအချုပ်တွေက သင့်ဘဝ တိုးတက်အောင်မြင်ရေး အစီအစဉ်တွေကို ရိုက်ချိုးဖျက်ဆီးနိုင်ပြီး ဘယ်လို အကန့်အသတ် အထိန်းအချုပ်တွေကတော့ သင့်တိုးတက်အောင်မြင်မှုတွေကို အထောက်အပံ့ ပေးနိုင်တယ်ဆိုတာ သိရှိလာမှာ ဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com


# ၃

## သင်က ထိတ်လန့်ကြောက်ရွံ့တတ်တဲ့စိတ်နဲ့ ကျရှုံးမှာကိုစိုးရိမ်တဲ့စိတ်တွေ များစွာထားရှိနေခြင်း

သင်က အောင်မြင်အောင် ကြိုးစားလိုသူ ဖြစ်နေသည့်တိုင် သင့်ထံမှာ အရာရာကို ရဲဝံ့ပြတ်သားစွာ လုပ်ကိုင်ဆောင်ရွက်ရဲတဲ့ စိတ်မရှိခဲ့ရင် (မှန်ရာကို လုပ်ရဲတဲ့သတ္တိမရှိခဲ့ရင်) အခြေအနေမျိုးမှာ စိုးရိမ်ကြောက်ရွံ့တဲ့စိတ်နဲ့ ကျရှုံးမှာကို ကြောက်တဲ့စိတ်တွေရဲ့ ကြားဝင်ခြယ်လှယ်ခြင်းကို ခံရပြီး အရာရာ သူတကာရဲ့နောက်မှာ ကျန်ရစ်နေမှာ ဖြစ်ပါတယ်။

အကယ်၍ သင်က ထိတ်လန့်ကြောက်ရွံ့တတ်တဲ့စိတ်နဲ့ ကျရှုံးမှာကို စိုးရိမ်တဲ့စိတ်တွေကြောင့် အကောင်းဆုံးကြိုးစားမယ်ဆိုရင် အောင်မြင်မှုကို စောစီးစွာ ရရှိလာပါလိမ့်မယ်။ ဒီအခါ သင်က ကြောက်ရွံ့တတ်တဲ့စိတ်နဲ့ ကျရှုံးမှာကို စိုးရိမ်တဲ့စိတ်တွေကို အကျိုးရှိရှိ အသုံးချနိုင်သူ တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် သင်က အောင်မြင်ချင်တဲ့ အလုပ်တစ်ခုအတွက် ကျရှုံးမှာကို ကြောက်နေစရာမလိုဘဲ မကျွမ်းကျင်သေးရင် ဖြည်းဖြည်းချင်း စတင်နိုင်အောင် ကြိုးစားပေးပါ။ ဖြည်းဖြည်းချင်း ဆောင်ရွက်ရာကနေ ကျွမ်းကျင်လျင်မြန်စွာ လုပ်ဆောင်တတ်လာပြီဆိုရင် သင်လုပ်ချင်တဲ့အရာတွေအတွက် အလွယ်တကူ အလျှော့ပေးစရာ မလိုတော့ဘဲ တစိုက်မတ်မတ် အောင်မြင်အောင် လုပ်ဆောင်နိုင်

mgyoe.com

mgyoe.com

တော့မှာ ဖြစ်ပါတယ်။

သင့်ဆီမှာ ထိတ်လန့်ကြောက်ရွံ့တတ်တဲ့ စိတ်ရှိနေပြီဆိုရင် (သို့) ကျရှုံးမှာကို စိုးရိမ်တဲ့စိတ် ရှိနေပြီဆိုရင် ရေရှည်မှာ သင့်ဆီမှာ ဘာတွေ ရှိတယ် သင်ဘယ်နေရာမှာ ရှိနေတာဖြစ်စေ၊ သင့်ရဲ့စဉ်းစားတွေးခေါ်မှု တွေ သင် နောက်ထပ်လုပ်ဆောင်မယ့် အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ဘာတစ်ခုကိုမှ အကောင်းဆုံး ထိရောက်အောင်လုပ်ဆောင်နိုင်မှာ မဟုတ် ပါဘူး။ ဒါကြောင့် သင်အလိုဆန္ဒရှိနေတဲ့ အရာတွေကို သင့်ရဲ့သိစိတ်နဲ့ အာရုံစိုက်ပြီး လေ့လာစောင့်ကြည့် အဖြေရှာပေးပါ။ သင့်ရဲ့ စိတ်ကူး အိပ်မက်တွေကို သက်ဝင်လှုပ်ရှားနိုင်အောင် ကြောက်ရွံ့တဲ့စိတ် ကင်းရှင်း စွာနဲ့ အကောင်အထည်ဖော်ပေးပါ။

❐

mgyoe.com

# ၄

## သင့်မျှော်လင့်ချက်တွေက သင့်ကို ရိုက်ချိုး ဖျက်ဆီးပစ်နိုင်ခြင်း

သင့်ဘဝအတွက် ကောင်းကျိုးပြုမယ့် မျှော်လင့်ချက်တွေကို နှစ်ထောင်း အားရဖြင့် အလေးထားပေးပါ။

သင့်မျှော်လင့်ချက်တွေကို အပြုသဘောဆောင် အကောင်းမြင်တတ်အောင်လို့ မြင်တတ်ပေးပါ။

သင့်မျှော်လင့်ချက်တွေက သင့်ဘဝအတွက် ထိရောက်တဲ့ အခြေအနေ မရှိခဲ့ရင် (မမျှော်လင့်ချင်တာကို မျှော်လင့်မိခြင်း ဖြစ်တာကြောင့်) အဲဒီမျှော်လင့်ချက်တွေက သင့်ဘဝကို ရိုက်ချိုးဖျက်ဆီးသလို ဖြစ်နိုင်ပါလိမ့်မယ်။

ဒါကြောင့် အရာရာအကြောင်းအကျိုး ညီညာစွာဖြင့် ဆောင်ရွက်ပေးပါ။

မလိုလားအပ်ဘဲ တိုက်ခိုက်မှုတွေ မပြုလုပ်ပါနဲ့။ သင့်မျှော်လင့်ချက် ကောင်းတွေကို သင်ကိုယ်တိုင်က မယုံကြည်ဘဲ ဆန့်ကျင်ဘက် အကျိုးသက်ရောက်နိုင်ပုံတွေကို မှားယွင်းမျှော်လင့်ခဲ့မိတဲ့အခါ သင် မျှော်လင့်ထားတဲ့ မကောင်းတဲ့ကိစ္စတွေ အမှန်တကယ် ရုပ်လုံးပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းသော မျှော်လင့်ချက်တွေကိုသာ ထားရှိ

mgyoe.com

mgyoe.com


ပေးပါ။

သင်က ကောင်းသောမျှော်လင့်ချက်တွေ ထားရှိခြင်းကြောင့် အမှန်တကယ် ရုပ်လုံးမပေါ်လာသေးတဲ့တိုင် သင်အောင်မြင်မှုအတွက် ကြိုးစားနေတဲ့ အစီအစဉ်တိုင်းကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမြင့်မားစွာနဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

□

mgyoe.com

# ၅

## သင်ထားရှိတဲ့ အဓိကရည်မှန်းချက်ကြောင့် သင့်အတွက် စိတ်ပျက်စရာများ ဖြစ်လာစေခြင်း

သင့်ဘဝအောင်မြင်ရေးရည်မှန်းချက်တွေနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုတွေ ဘယ်လောက်ပဲကြီးမားနေသည်ဖြစ်စေ သင့်ဘက်က အကောင်းဆုံး ရင်ဆိုင်ကျော်ဖြတ်ရမှာ ဖြစ်ပါတယ်။

လူအများစုအနေနဲ့ ရည်မှန်းချက်တွေ အကောင်အထည် ဖော်နေစဉ်အတွင်း စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အခါ ... အလွယ်တကူ စိတ်ပျက်သွားတတ်ကြပါတယ်။ သင့်အတွက် အတားအဆီး အခက်အခဲတွေ များစွာဖြစ်လာတဲ့အခါ အဲ့ဒီအခက်အခဲတွေကို ကောင်းသော အခြေအနေသို့ ရောက်ရှိအောင် သင့်ဘက်က အကောင်းဆုံး ပြုပြင်ပေးရမှာဖြစ်ပြီး ထိရောက်တဲ့ အပြောင်းအလဲတွေကိုလည်း လိုအပ်သလို လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။

သင်က အခက်အခဲတွေနဲ့ ရင်ဆိုင်ရတာမှန်သော်လည်း သင့်ဘဝ ရည်မှန်းချက်က ခိုင်မာပြီး သင့်ရဲ့ ကြိုးစားအားထုတ်မှုတွေကလည်း ပြင်းထန်မယ်ဆိုရင် အခက်အခဲမှန်သမျှ လွင့်ပျောက်သွားရပါလိမ့်မယ်။

သင်က အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်တာနဲ့ သင်ကြိုးစားလုပ်ဆောင်သမျှတိုင်းက ဖြစ်နိုင်ခြေရှိတဲ့ (သို့) အောင်မြင်ဖို့ အခွင့်အလမ်း

mgyoe.com

mgyoe.com


များတဲ့ အခြေအနေတွေ ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့် ရည်မှန်းချက်တွေကို အဆင့်လိုက် ပြီးပြည့်စုံစွာ အောင်မြင်အောင် တစ်ဆင့်ချင်းစီ ကြိုးစားအကောင်အထည်ဖော်ပေးပါ။

❐

mgyoe.com

# ၆

## သင့်ဘဝအား အေးကင်းလုံခြုံမှုရှိလွန်းသည်ဟု ယူဆထားခြင်း

ဘဝတစ်သက်တာအတွင်း ထိခိုက်နာကျင်ခြင်းတွေဟာ လူသား တစ်ယောက်စီရဲ့ ဖြစ်တည်ရှင်သန်မှုတွေအတွက် အဓိက အရေးပါလျက် ရှိတာကို တွေ့ရှိရပါတယ်။

ထိခိုက်နာကျင်ခြင်းဟာ စိတ်ကို ပိုမိုခံနိုင်ရည်ရှိစေပြီး နှလုံးသားနဲ့ ခန္ဓာကိုယ်အတွက် များစွာ ကောင်းကျိုးပြုတာကို တွေ့ရှိရပါလိမ့်မယ်။ ထိခိုက်နာကျင်ခံရမှု အကြိမ်ကြိမ်က လူတစ်ယောက်ကို တစ်စထက် တစ်စ ခံနိုင်ရည်ရှိစေပြီး စိတ်ရောကိုယ်ပါ ကြံ့ခိုင်မှုကို မြင့်တက်လာစေ တတ်ပါတယ်။

သင့်ဘဝတစ်သက်တာအတွင်း အစစအရာရာမှာ ကောင်းတာ တွေချည်းပဲ ကြုံတွေ့နေခဲ့ရင် (သို့) သင်က အဘက်ဘက်မှာ ပြီးပြည့်စုံမှု တွေ ရှိနေခဲ့ရင် ... သင်ဟာ ထူးထူးခြားခြား စိတ်ဓာတ်ကြံ့ခိုင်မယ့်သူ တစ်ယောက် မဖြစ်နိုင်သလို အောင်မြင်မှု ရယူနိုင်တဲ့အထိ ရဲရင့်တဲ့ စိတ်ဓာတ်ရှိသူတစ်ယောက်အဖြစ်လည်း လုံးဝမဖြစ်နိုင်ပါဘူး။ ထိခိုက် နာကျင်စွာ ခံစားရခြင်းသဘောကသာ ကျွန်ုပ်တို့ကို လောကဓံ လှိုင်းတံပိုး တွေအကြား ကြံ့ကြံ့ခံ ရပ်တည်နိုင်စေတဲ့အစွမ်းသတ္တိတွေကို ပေးနိုင်ပါ

mgyoe.com

လိမ့်မယ်။

ဘဝတစ်သက်တာအတွင်း ကျွန်ုပ်တို့ စိတ်ရောကိုယ်ပါ ကြံ့ခိုင်လာစေဖို့ ထိခိုက်နာကျင်ခြင်း အကြိမ်ကြိမ်ဖြင့် လေ့ကျင့်ပေးရမှာဖြစ်တာကြောင့် သင်ဟာ ဘဝအတွေ့အကြုံ အစစ်အမှန် ကျိန်းသေ လိုအပ်နေမှာဖြစ်ပါတယ်။

သင်က ကြံ့ခိုင်သူတစ်ယောက်ဖြစ်လာအောင် ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပဲ အချိန်ကြာကြာ လေ့ကျင့်ထားသည်ဖြစ်စေ သင့်ကိုယ်သင် ရဲရင့်အောင်၊ အရည်အသွေးနဲ့ အရည်အချင်းတွေ ပြည့်ဝအောင် ဘယ်လိုပဲ လုပ်ဆောင်သည်ဖြစ်စေ ... ထိခိုက်နာကျင်မှုတွေပါရှိတဲ့ ဘဝအတွေ့အကြုံက သင့်ရဲ့ ဘဝရည်မှန်းချက်နဲ့ အိပ်မက်စိတ်ကူးတွေကို အကောင်အထည်ပေါ်အောင် လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com

# ၇

## နားလည်ခွင့်လွှတ်ခြင်းများကို ဟန့်တားမိခြင်း

သင့်ကိုယ်သင် နားလည်ခွင့်လွှတ်တတ်သော စိတ်ရှိမှသာလျှင် လူအများကို နားလည်ခွင့်လွှတ်တတ်တဲ့ စိတ်ထားရှိနိုင်မှာဖြစ်ပြီး ကြုံတွေ့ရင်ဆိုင်ရတဲ့ လူအမျိုးမျိုးနဲ့ အဖြစ်အပျက်အမျိုးမျိုးအပေါ် နားလည်လက်ခံခြင်း၊ ခွင့်လွှတ်ခြင်းတွေ ရှိပေးဖို့ လိုအပ်ပါတယ်။

သင့်အနေနဲ့ နားလည်ခွင့်လွှတ်ခြင်းများကို ဟန့်တားမိခြင်း မရှိစေဖို့အတွက် ဘဝအတွေ့အကြုံအခြေအနေ အရပ်ရပ်တိုင်းကို ကျေးဇူးတင်တတ်ဖို့က အဓိက အရေးကြီးပါတယ်။ ဘဝအတွေ့အကြုံအမျိုးမျိုးဟာ ကျွန်ုပ်တို့ လိုချင်မျှော်လင့်ထားတဲ့အတိုင်း ကောင်းတဲ့အတွေ့အကြုံချည်း ပေါ်ပေါက်လာမှာ မဟုတ်ဘဲ မလိုလား မနှစ်သက်ဖွယ်ကောင်းတဲ့ အတွေ့အကြုံတွေပါ ပေါ်ပေါက်လာတတ်တဲ့သဘောကို လက်ခံနိုင်ရမှာဖြစ်ပါတယ်။

သင့်အနေနဲ့ နားလည်ခွင့်လွှတ်ခြင်းတွေကို ဟန့်တားမိခြင်း မရှိရအောင် ဘဝအတွေ့အကြုံ အကောင်း/အဆိုးမှန်သမျှကို လက်ကမ်းကြိုဆိုပေးပါ။

ဘဝအတွေ့အကြုံတွေကတစ်ဆင့် ရရှိတဲ့သင်ခန်းစာတွေအတွက် ကျေးဇူးတင်ပေးပါ ...

mgyoe.com

mgyoe.com


သင်ကိုယ်တိုင်အပါအဝင်(လူတိုင်း)ဟာ မိမိကို တောင်းပန်ဝန်ချဖို့ ရောက်လာတဲ့သူတွေကို ဘယ်တော့မှ တားဆီးဟန့်တားခြင်း မပြုဘဲ ကျေနပ်စွာလက်ခံခြင်း၊ ခွင့်လွှတ်ပေးနိုင်ခြင်းတွေ ပေးနိုင်ဖို့ လိုအပ်ပါတယ်။

သင်က နားလည်ခွင့်လွှတ်ပေးနိုင်ခြင်းမရှိတဲ့အခါ သင့်စိတ်အတွင်း အနှောင့်အယှက်တစ်ခုက သင့်ကို မကြာခဏ စိတ်ဒုက္ခပေးနိုင်တာကြောင့် ဘဝတိုးတက်အောင်မြင်ရေး အစီအစဉ်တွေကိုပါ ဟန့်တားမိသလို ဖြစ်တတ်ပါတယ်။

ဒါကြောင့် သင်က အပြစ်တစ်စုံတစ်ရာ ပြုမိတဲ့အခါ ထိခိုက်နစ်နာခြင်းခံရတဲ့ တစ်ဖက်လူကို လှိုက်လှဲစွာ တောင်းပန်ပေးရမှာ ဖြစ်သလို သင့်အပေါ် အပြစ်ပြုမိတဲ့လူတွေအပေါ်မှာလည်း နားလည်ခွင့်လွှတ်နိုင်စွမ်းတွေ လွှမ်းမိုးနေရာယူထားနိုင်သမျှ လောကကို အကျည်းတန် အရုပ်ဆိုး၊ အရုပ်အထွေးဖြစ်စေတဲ့ ပြဿနာမှန်သမျှ လွင့်ပါးပျောက်ကွယ်ပြီး ရည်မှန်းချက်မှန်သမျှတို့ အသီးသီး အောင်မြင်ကြမှာ ဖြစ်ပါတယ်။

လောကမှာ ကြုံတွေ့ရင်ဆိုင်ရတဲ့ တချို့သော စိန်ခေါ်မှုတွေဟာ လုံးဝဥဿုံ ထိန်းချုပ်လို့မရတဲ့အထိ ပြင်းထန်–အားကြီးတတ်ပါတယ်။ သင်က စိန်ခေါ်မှုအမျိုးမျိုးကို ဘဝအောင်မြင်မှုအတွက် အတားအဆီး အနှောင့်အယှက်ဖြစ်စေတဲ့ အရာတွေအဖြစ်သို့ မြင်နိုင်မယ်ဆိုရင် အဲဒီအတားအဆီးတွေက သင်ဘဝရည်မှန်းချက် မအောင်မြင်ရတဲ့ အခြေခံအကြောင်းအရင်းတွေ ဖြစ်တယ်ဆိုတာကိုပါ နားလည်လာမှာ ဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com


# ၈

## ပျင်းရိခြင်း

သင်က ပျင်းရိတတ်တဲ့ အလေ့အထရှိနေသမျှ ကာလပတ်လုံး ဘယ်အလုပ်မှုကိုမှ ထိရောက်စွာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။

ပျင်းရိတတ်တဲ့သူတွေအနေနဲ့ မိမိတို့ရဲ့ ပျင်းရိတတ်တဲ့ အလေ့အထကြောင့် ဘဝအောင်မြင်မှုမရရှိတဲ့ သဘောကို အမှန်အတိုင်း ဝန်ခံပြီး အချိန်မီ ပြုပြင်ပေးရမှာ ဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com


# ၉

## အမေးအမြန်းထူခြင်း

လောကမှာ လုပ်ကိုင်ဆောင်ရွက်စရာအမှုကိစ္စတွေကို ပြီးပြည့်စုံအောင်လုပ်ခြင်းထက် အမေးအမြန်းထူခြင်းတွေက များနေမယ်ဆိုရင် သင်ဟာ အရာရာကို မကျေမနပ်ဖြစ်လွယ်ပြီး တန်ပြန်မေးခွန်းထုတ်တတ်သူ စောဒကတတ်လွန်းသူတစ်ယောက်အဖြစ်နဲ့သာ အချိန်တွေကို ကုန်လွန်သွားပါလိမ့်မယ်။

လောကမှာ အောင်မြင်မှုရရှိတဲ့လူတွေဟာ သူတို့ ဘယ်နေရာမှာပဲရှိရှိ ဘယ်လိုရာထူးအဆင့်အတန်းတွေနဲ့ပဲလုပ်လုပ် သူတို့ရဲ့ ဘဝရည်မှန်းချက်တွေ အောင်မြင်အောင် အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပြီး ဘဝအောင်မြင်မှု မရရှိတဲ့သူတွေကတော့ မကျေမနပ်တိုင်တန်းပြောဆိုတာတွေ၊ အခြားလူတွေ ဘာကြောင့် အောင်မြင်တယ်ဆိုတဲ့အကြောင်း သိလိုစိတ်နဲ့ စုံစမ်းတတ်ခြင်းတွေသာ လုပ်တတ်တာကြောင့် ကိုယ်တိုင်အောင်မြင်မှုအတွက် အာရုံစိုက် အလေးမထားတတ်သူတွေ ဖြစ်တာကို တွေ့ရှိရပါတယ်။

❐

mgyoe.com

mgyoe.com


# ၁၀

## အမှားအယွင်းဖြစ်စေသော အခြေအနေများကိုသာ ခေါင်းထဲထည့်စဉ်းစားတတ်ခြင်း

တချို့လူတွေဟာ အောင်မြင်မှုရရှိရေး အစီအစဉ်တွေကို လက်တွေ့ အကောင်အထည် ဖော်လုပ်ဆောင်ခြင်းထက် အမှားအယွင်း ဖြစ်စေမယ့် အခြေအနေတွေ၊ အားနည်းချက်ဖြစ်စေမယ့် အခြေအနေတွေကိုသာ ဦးစားပေး လေ့လာစောင့်ကြည့်တတ်ကြသူတွေ ဖြစ်ပါတယ်။

အမြဲတစေ အမှားကိုသာ အာရုံစိုက်တတ်သူတွေအတွက် ဘယ်တော့မှ အရာရာကို အမှန်ကန်ဆုံးဖြစ်အောင် လုပ်ဆောင်နိုင်စွမ်း မရှိတော့ပါဘူး။

အမှန်တကယ် ဘဝအောင်မြင်မှု ရယူလိုသူတွေကတော့ သူတို့ စိတ်ကူး အိပ်မက်ရှိတဲ့အတိုင်း အကောင်အထည်ဖော်တတ်ပြီး မှားယွင်းနိုင်တဲ့ အခြေအနေတွေအတွက် ခွဲခြမ်းစိတ်ဖြာ အဖြေရှာနိုင်ခြင်း မရှိကြပါဘူး။ နောက်ပြီး အမှားရှာရင်း အချိန်ကုန်မခံတတ်တဲ့သူတွေဟာ ဘယ်အလုပ် ကိုဖြစ်စေ၊ အခြေခံကျကျ လုပ်ဆောင်သူတွေသာ ဖြစ်ပါတယ်။

❐

mgyoe.com


ဆိုရှယ်
မီဒီယာများဖြင့်
အချိန်ကုန်တတ်ခြင်းက
များနေခြင်း

mgyoe.com


# ၁၁

## ဆိုရှယ်မီဒီယာများဖြင့် အချိန်ကုန်တတ်ခြင်းက များနေခြင်း

သာမန်အားဖြင့် အမေရိကန်နိုင်ငံသားတွေဟာ အများသုံးစွဲနေကျ ဆိုရှယ်မီဒီယာတွေဖြစ်တဲ့ ဖေ့စ်ဘုတ်၊ တွစ်တာနှင့် အခြားသော လူမှုကွန်ရက် စာမျက်နှာတွေကို တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ ဖတ်ရှုတတ်လေ့ ရှိပါတယ်။

လူမှုကွန်ရက် စာမျက်နှာတွေဟာ တိုးတက်ခေတ်မီပြီး နည်းပညာထွန်းကားတဲ့ ယနေ့ကာလတစ်လျှောက်နေရာတိုင်းမှာ အသုံးတည့်တာတွေ့ရပါမယ်။ လူမှုကွန်ရက်စာမျက်နှာတွေက ကျွန်ုပ်တို့ကို နေ့စဉ်အသုံးတည့်စေတာမှန်သော်လည်း သူတို့ကို အချိန်များစွာပေးပြီး အသုံးပြုမိခြင်းကြောင့် ကျွန်ုပ်တို့ဘဝ တိုးတက်အောင်မြင်ရေး အစီအစဉ်တွေအတွက် အချိန်သိသာစွာ နည်းပါးသွားတာ တွေ့ရပါတယ်။

ဒါကြောင့် အချိန်အားတိုင်း ဆိုရှယ်မီဒီယာတွေအတွက်ချည်း မစဉ်းစားဘဲ သင့်ရဲ့ ကိုယ်ပိုင်အချိန်တွေကို အကျိုးရှိရှိသုံးစွဲတဲ့အနေနဲ့ အခြားအရေးကြီးသော လုပ်ငန်းကိစ္စတွေကို ဆောင်ရွက်ပေးပါ။ သင့်မိသားစုအတွက် အချိန်ပေးပါ။ သင့်ဘဝ တိုးတက်အောင်မြင်မှုအတွက် ပိုမိုကောင်းမွန်သော စဉ်းစားတွေးခေါ်မှုတွေ လုပ်နိုင်အောင် အချိန်ယူဆောင်ရွက်ပေးပါ။

mgyoe.com

mgyoe.com


# ၁၂

## အစပြုပြီးသောအလုပ်ကို ပြီးဆုံးအောင် လက်စသတ်နိုင်စွမ်း မရှိခြင်း

များစွာသော ဉာဏ်ပညာရှိသူတွေက အခုလို ပြောဆိုလေ့ရှိတတ်ကြပါတယ်။

'အစပြုရတာက လွယ်တယ် ... အဆုံးသတ်ရတာကသာ ခက်ခဲတယ် ...'

လောကမှာ သင်အစပြုပြီးတဲ့အလုပ်ကို လက်စသတ်နိုင်မှ ပြီးဆုံးအောင် လုပ်ကိုင်နိုင်မှသာ နောက်ထပ်ရရှိမယ့် အလုပ်တွေကိုလည်း အလားတူ လက်စသတ်နိုင်မှာ ဖြစ်ပါတယ်။

အောင်မြင်မှုကို တစ်နေ့တည်း တစ်ညတည်းနဲ့ အလွယ်တကူ ရယူနိုင်ခြင်းမရှိပါဘူး ... ဒါကြောင့် အစမှ အဆုံးထိ ပြီးဆုံးအောင် လက်စသတ်နိုင်အောင် အာရုံစိုက် ကြိုးစားလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

❒

mgyoe.com

# ၁၃

## မိမိလုပ်ကိုင်နေတဲ့စီးပွားရေးကို စီးပွားရေးလုပ်ငန်းအဖြစ် မမှတ်ယူခြင်း

သင်က လက်မှုပညာသည်အလုပ်လုပ်သည်ဖြစ်စေ၊ အခကြေးငွေယူပြီး (စာမူခယူပြီး) ရေးသားသော စာရေးဆရာတစ်ယောက် ဖြစ်တယ်ဆိုရင် သင့်အလုပ်ကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ခိုင်မာစွာ လက်ခံယုံကြည်ပေးထားဖို့ လိုပါတယ်။ သင်လုပ်ကိုင်ပြီး ဝင်ငွေရတဲ့ အလုပ်မှန်သမျှကို စီးပွားရေးလုပ်ငန်းအဖြစ် သဘောမထားနိုင်သမျှ သင်ဟာ ဘယ်တော့မှ အောင်မြင်တဲ့သူတစ်ယောက် ဖြစ်မလာနိုင်တာကို သတိပြုပါ။

သင် ဝင်ငွေရတဲ့အလုပ်အပေါ် သင်က အားထားပြီး ရပ်တည်နေရတယ်ဆိုရင် အဲဒီအလုပ်ဟာ သင့်ရဲ့ အောင်မြင်မှုရရှိစေမယ့် စီးပွားရေးလုပ်ငန်းတစ်ရပ်သာ ဖြစ်ပါတယ်။ ဒါကြောင့် ဝင်ငွေရရှိစေပြီး အဲဒီဝင်ငွေအပေါ် မှီခိုအားထားနေရတယ်ဆိုရင် အဲဒီဝင်ငွေ ရရှိစေတဲ့အလုပ်က သင့်ရဲ့ စီးပွားရေးလုပ်ငန်းတစ်ရပ်သာ ဖြစ်ပါတယ်။

❒

mgyoe.com

# ၁၄

## ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိခြင်း

သင့်ကိုယ်သင် ယုံကြည်မှုမရှိခဲ့ရင် သင့်ဘဝ တိုးတက်အောင်မြင်ရေးအတွက် ထိရောက်၊ လေးနက်တဲ့ ကြိုးစားအားထုတ်မှုတွေလည်း မရှိနိုင်တော့ပါဘူး။ သင်က ဘယ်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ၊ သင့်ကိုယ်သင် ယုံကြည်မှုထားရှိနိုင်မှသာ အောင်မြင်မှုရရှိမှာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထားရှိနိုင်ခြင်းကတစ်ဆင့် ကိုယ့်ဂုဏ်သိက္ခာကို မြှင့်တင်ပြီးသား၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီးသား ဖြစ်သွားပါလိမ့်မယ်။

သင့်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာပြီဆိုရင် ဘယ်လိုပဲ ခက်ခဲနက်နဲတဲ့အလုပ်ပင်ဖြစ်စေ အောင်မြင်အောင် ကြိုးစားဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com

# ၁၅

## မရသင့်မရထိုက်သော အရာတွေကို ရပိုင်ခွင့်အဖြစ် မျှော်မှန်းတတ်ခြင်း

လောကမှာ သင် ထိုက်တန်စွာရရှိအပ်တဲ့အရာတွေ များစွာ ရှိနေသလို သင်နဲ့ မထိုက်တန်တဲ့ မအပ်စပ်တဲ့ သင့်အတွက် ရပိုင်ခွင့်မဟုတ်တဲ့ အရာတွေကလည်း များစွာရှိနေတာ တွေ့ရပါတယ်။

သင်နဲ့ တစ်စုံတစ်ရာ မသက်ဆိုင်တဲ့ သင့်ရပိုင်ခွင့်မဟုတ်တဲ့ အရာတွေကို မျှော်မှန်းတောင့်တနေသမျှ သင်ဟာ ဘဝတိုးတက်အောင်မြင်မှုကို ဘယ်တော့မှရရှိနိုင်မှာ မဟုတ်ပါဘူး။

❐

mgyoe.com

mgyoe.com


# ၁၆

## အရေးမကြီးသော အရာများအပေါ် စွဲလမ်းနေခြင်း

လောကမှာ လူတစ်ဦးချင်းစီအတွက် ဝါသနာပါရာ ... စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စတွေက များစွာရှိနေပြီး ဖြစ်သော်လည်း အဲဒီဝါသနာပါရာကိစ္စတိုင်းကို အကုန်လုံးလုပ်ချင်လို့ မဖြစ်နိုင်ဘူးဆိုတာကို လက်ခံရပါလိမ့်မယ်။

သင်က ဘယ်အလုပ်အကိုင်အသက်မွေးဝမ်းကျောင်းကို အဓိကမှီခိုနေပြီး၊ သင် အားလပ်တဲ့အချိန်မှာ ဘယ်လိုဝါသနာပါ စိတ်ဝင်စားရာ အလုပ်အကိုင်တစ်ခုကို လုပ်တတ်တယ်ဆိုတာ ကိုယ်တိုင် သတိပြုပေးပါ...

သင် အဓိက အာရုံစိုက်/အားထားရတဲ့ကိစ္စ တစ်ခု နှစ်ခုကလွဲရင် ကျန်တဲ့ကိစ္စတွေကို အရေးမပါတဲ့ အရာတွေ၊ အပိုကိစ္စတွေအဖြစ်သို့ မြင်ပေးပါ။ အကယ်၍ သင်က ဝါသနာပါ၊ စိတ်ဝင်စားရာ အလုပ်တိုင်းကို စိတ်အလိုလိုက်ပြီး အကုန်လိုက်လုပ်နေမယ်ဆိုရင်တော့ ဘယ်အလုပ်၊ ဘယ်ရည်ရွယ်ချက်ကိုမှ အောင်မြင်အောင် လုပ်နိုင်စွမ်းမရှိတဲ့သူ ဖြစ်သွားပါလိမ့်မယ်။

လောကမှာ သင့်အတွက် အဓိကကျတဲ့ အလုပ်ကိစ္စတွေကို ရွေးချယ်ပြီးပြီဆိုရင် ကျန်တဲ့ကိစ္စတိုင်းကို အစွဲအလမ်း မထားရှိဘဲ မေ့ဖျောက်ပေးလိုက်ပါ။ သင် အဓိကထားသော အလုပ်ကိစ္စတွေကလွဲရင် ကျန်တဲ့ကိစ္စအတော်များများ အရေးမကြီးတဲ့အရာတွေ ဖြစ်သွားပါလိမ့်မယ်။

mgyoe.com

mgyoe.com

# ၁၇

## သက်သာသလို နေတတ်ခြင်း/ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတတ်ခြင်း

သင်က သက်သာသလို နေတတ်ခြင်း၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား တတ်ခြင်းဟာ သင့်ကိုယ်သင် ဆေးကင်းလုံခြုံမှု ရှိနေသလို အာမခံချက် ကောင်းတွေ ရှိနေသလိုမျိုး ခံစားရခြင်းကြောင့်သာဖြစ်ပြီး အဲ့သလို စရိုက် လက္ခဏာရှိနေသမျှကာလပတ်လုံး ဘဝတိုးတက်အောင်မြင်ရေး အစီ အစဉ်တွေလည်း လုံးဝ မရှိနိုင်တော့တာ တွေ့ရပါလိမ့်မယ်။

သင့်ဘဝတစ်သက်တာအတွင်း သက်သာသလိုနေခြင်း၊ ပေါ့ပေါ့ နေ ပေါ့ပေါ့စားတတ်ခြင်း အလေ့အထက ခိုင်မြဲလာတဲ့အခါ ကြောက်ရွံ့ တတ်တဲ့စိတ် ဖြစ်ပေါ်လာစေတတ်ပါတယ်။

❐

mgyoe.com

mgyoe.com


# ၁၈

## အကောင်းဆုံး စွမ်းဆောင်နိုင်စွမ်းရှိအောင် အားထုတ်ကြိုးစားနိုင်မှုမရှိခြင်း (အမြင့်မားဆုံးအဆင့်အထိ ... ကြိုးစားမှုမရှိခြင်း)

သင်က တစ်နေ့ကို ၈ နာရီကြာအထိ အလုပ်လုပ်ခြင်းဟာ အကောင်းဆုံး ကြိုးစားအားထုတ်နိုင်စွမ်းရှိခြင်း သဘောမဆောင်ဘဲ အချိန်ကြာရှည်စွာ လုပ်ကိုင်ရခြင်းအကျိုးကြောင့် စိတ်ပျက်ခြင်း၊ မျှော်လင့်ချက်မဲ့ခြင်း၊ အလုပ်တစ်ခုတည်းကိုသာ အချိန်ကြာရှည်စွာ လုပ်ဆောင်ရခြင်းတွေကြောင့် နောက်ဆက်တွဲပြဿနာတွေကို ဖြစ်လာစေတတ်ပါတယ်။

အကောင်းဆုံး စွမ်းဆောင်နိုင်စွမ်းရှိအောင် ကြိုးစားအားထုတ်ခြင်းဆိုတာဟာ ... အလုပ်တစ်ခုကို ကြာရှည်စွာ တစ်ဦးတည်း လုပ်ကိုင်ခြင်းကို မဆိုလိုဘဲ သင်လုပ်လိုက်တဲ့ အလုပ်တစ်ခုအပေါ် အကျိုးသက်ရောက်မှုကောင်းတွေရှိအောင် ဘယ်လောက်ထိ လုပ်နိုင်တယ်ဆိုတာကို ရည်ညွှန်းနေခြင်းသာ ဖြစ်ပါတယ်။

❐

mgyoe.com

# ၁၉

## ငွေကြေးရရှိရေးအပေါ်၌သာ အာရုံစူးစိုက်မှု လွန်ကဲခြင်း

သင့်ကို ဘီလျံနာတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်စွမ်းရှိတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို သင် စတင်လုပ်ကိုင်တော့မယ်ဆိုရင် ... သင့်ဘက်က သူဌေးဖြစ်အောင် (သို့) ငွေကြေးရရှိအောင် အဓိက အာရုံစိုက်မိခြင်းကြောင့် လုပ်ရင်းကိုင်ရင်းကနေ အမှားတွေ တစ်ခုပြီးတစ်ခု လုပ်ဆောင်မိတတ်ပါလိမ့်မယ်။

အောင်မြင်မှုရရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ကြီးပွားတိုးတက်ရေး အတွက် ရည်မှန်းပြီး အလုပ်လုပ်ကြတာမှန်သော်လည်း ငွေကြေးရရှိရေး အတွက် ဘယ်တော့မှ ပုံသေသတ်မှတ်၊ မျှော်လင့်ချက်တွေ မထားဘဲ ကျရှုံးမှုတွေ အကြောင်းအမျိုးမျိုးကြောင့် ငွေကြေးလက်လွှတ် ဆုံးရှုံး နစ်နာမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကိုလည်း ကြိုတင် တွက်ဆထားတတ်ကြပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင် တိုင်း အမြဲတစေ အောင်မြင်ရမယ်ဆိုတဲ့ ပုံသေကားကျ မျှော်လင့်ချက် မထားရှိဘဲ ကျရှုံးမှုကို ဖြစ်တည်စေတဲ့ စိန်ခေါ်မှုအမျိုးမျိုး ဖြစ်လာနိုင်တဲ့ အခြေအနေတွေကို ရင်ဆိုင်နိုင်ဖို့ ကြိုတင်တွက်ဆထားနိုင်၊ ပြင်ဆင်ထား နိုင်မှသာ လက်တွေ့မကောင်းတဲ့ အခြေအနေနဲ့ ရင်ဆိုင်ရတာနဲ့ ခံနိုင်ရည်

mgyoe.com

mgyoe.com

ပြည့်ဝနေပါလိမ့်မယ်။

ငွေကြေးရရှိရေး၊ လုပ်ငန်းတိုးတက်အောင်မြင်ရေးကို အဓိကထားတဲ့သူတွေကတော့ မျှော်လင့်ထားတဲ့အတိုင်း ငွေကြေး အမှန်တကယ် မရရှိလာတဲ့အခါ လုပ်ငန်းအောင်မြင်မှု မရှိတဲ့အခါတွေမှာ တစ်သက်တာလုံးအတွက် ဆုံးရှုံးနစ်နာသွားရသလို ပြင်းထန်စွာ ခံစားရပါလိမ့်မယ်။

အောင်မြင်မှုရရှိသူတွေ လုပ်ငန်းအောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်တွေကတော့ ငွေကြေးရရှိမှုကို အဓိကမထားဘဲ သူတို့လုပ်ငန်းက ထွက်ရှိတဲ့ ထုတ်ကုန်ပစ္စည်း အရည်အသွေးတွေ အဆင့်အတန်း မြင့်မားအောင် အဓိကလုပ်ဆောင်တတ်တာ တွေ့ရပါတယ်။ ဒါကြောင့် လုပ်ငန်းအကျိုးအမြတ် (ငွေကြေး) ကို အဓိက အာရုံမစိုက်ဘဲ သင့်လုပ်ငန်းရဲ့ အရည်အသွေးမြင့်မားသော ထုတ်ကုန်ပစ္စည်းတွေ ထွက်ရှိရေးကိုသာ အဓိက အာရုံစိုက်ရမှာ ဖြစ်ပါတယ်။

❐

mgyoe.com

# ၂၀

## အောင်မြင်မှုရရှိရေးအတွက် ပြင်းထန်သော ခံစားချက်မရှိခြင်း

သင်လုပ်ကိုင်နေတဲ့ အလုပ်တစ်ခုအပေါ် သင်က စိတ်တိုင်းမကျခဲ့ရင် (သို့) အခြေအနေတစ်ရပ်ကြောင့် လုပ်ကိုင်နေရသော်လည်း သင့်စိတ်ထဲက မနှစ်မြို့ရင် အဲဒီအလုပ်ရဲ့ တိုးတက်မှု အခြေအနေက သိသိသာသာ လျော့ကျသွားပါလိမ့်မယ်။ တကယ်တော့ ဘယ်သူမဆို မိမိလုပ်ကိုင်တဲ့ အလုပ်ကို စိတ်ပါဝင်စားမှုမရှိတဲ့အခါ ရာခိုင်နှုန်းပြည့် လုပ်နိုင်စွမ်းရှိလျက်သားနဲ့ ၅၀ ရာခိုင်နှုန်းသာ လုပ်တတ်တာကို တွေ့ရှိရပါတယ်။

တကယ်ဆို သင်က စိတ်မပါသည့် လုပ်ငန်းဖြစ်သော်လည်း သင်လုပ်ကိုင်ခွင့်ရရှိပြီး ဆက်လက်တိုးတက်အောင်မြင်စေနိုင်တဲ့ အခွင့်အရေးကောင်းတွေရှိတာကို တွေ့နေရပြီဆိုရင် စိတ်မပါသလို ဝတ်ကျေတန်းကျေမဟုတ်ဘဲ ပြင်းထန်သော စိတ်ခံစားချက်အပြည့်နဲ့ အကောင်းဆုံး လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com

# ၂၁

## မကောင်းတဲ့ဘက်က တွေးတတ်ခြင်း

သင်က အရာရာကို မကောင်းတဲ့ဘက်က တွေးတတ်သူ တစ်ယောက်ဖြစ်ရင် အချိန်ကာလကြာလာတာနဲ့အမျှ အရာရာကို အကောင်းမမြင် တတ်တော့ဘဲ အဆိုးမြင်ခြင်းတွေသာ ရှိလာပါလိမ့်မယ်။

သင်က အဆိုးမြင်ဝါဒီတစ်ယောက် ဖြစ်လာပြီဆိုတာနဲ့ ဘယ်သောအခါမှ အောင်မြင်အောင်လုပ်နိုင်စွမ်းတဲ့သူတစ်ယောက် ဖြစ်မလာတော့ပါဘူး။

အဆိုးမြင်ဝါဒီသမားတွေဟာ မကောင်းတဲ့ဘက်ကသာ အရာရာကို တွေးတတ်ပြီး ကောင်းနေတဲ့ကိစ္စတွေကိုတောင် ကြံဖန်ပြီး အပြစ်ရှာမကောင်းမြင်တတ်တဲ့ သဘာဝရှိတာကို တွေ့ရတတ်ပါတယ်။

သင်က ဘဝတိုးတက်အောင်မြင်မှုတွေ ရရှိလိုတယ်ဆိုရင် ဘယ်သောအခါမှ မကောင်းတဲ့ဘက်ကချည်း တွေးတတ်သူ မဖြစ်ရအောင် ကိုယ့်ကိုယ်ကိုယ် သတိပြု ထိန်းချုပ်ပေးပါ။

မကောင်းတဲ့ဘက်က တွေးတတ်၊ ပြောဆိုတတ်တဲ့သူတွေဟာ အခြားလူတွေအပေါ်မှာသာမကဘဲ သူတို့ကိုယ်သူတို့လည်း တစ်ခါတစ်ရံ ပြစ်တင်ဝေဖန်တာ၊ မကောင်းတဲ့ဘက်က တွေးတာရှုမြင်သုံးသပ်တာတွေ

mgyoe.com

လုပ်တတ်ကြပါတယ်။ ဒါကြောင့်လည်း ဘယ်အလုပ်ကိုမဆို ကြိုးစား လုပ်ကိုင်ခြင်း မပြုမီကတည်းက ကြိုတင် မကောင်းမြင်ပြီး ရှုမြင်သုံးသပ် တတ်တာကြောင့် ကျရှုံးမှုရရှိဖို့အတွက် ရည်မှန်းချက်ချမှတ် အကောင် အထည်ဖော်နေသလို ဖြစ်နေပါလိမ့်မယ်။

သင်က မကောင်းမြင်၊ မကောင်းတွေးတတ်တဲ့သူတစ်ယောက် အဖြစ်ကနေ အရာရာ အပြုသဘောဆောင် အကောင်းမြင်တတ်တဲ့သူ တစ်ယောက်ဖြစ်လာအောင် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲပေးချင် တယ်ဆိုရင်... သင့်ပတ်ဝန်းကျင်မှာရှိတဲ့ အကောင်းမြင်ဝါဒီတွေနဲ့ ထိတွေ့ ဆက်ဆံပြောဆိုပေးပါ။ အရာရာကို အကောင်းဘက်က ရှုမြင်သုံးသပ်ပြီး ပြဿနာများ ဖြေရှင်းနိုင်ဖို့ အကောင်းဆုံး နည်းလမ်းကို ရွေးချယ်ပေးပါ။

❒

mgyoe.com

mgyoe.com





# သင့်ကိုယ်သင် ရည်မှန်းချက်ကောင်းတွေ မချမှတ်နိုင်သေးသူ တစ်ယောက်အဖြစ် ရှုမြင်ခြင်း

mgyoe.com

mgyoe.com


# ၂၂

## သင့်ကိုယ်သင် ရည်မှန်းချက်ကောင်းတွေ မချမှတ်နိုင်သေးသူ တစ်ယောက်အဖြစ် ရှုမြင်ခြင်း

သင့်ဘဝရည်မှန်းချက် အစီအစဉ်တွေကို ကောင်းစွာ ရေးဆွဲပေးပါ။

သင်က ဘဝရည်မှန်းချက် အစီအစဉ်တွေကို ကောင်းစွာ မရေးဆွဲနိုင်သူတစ်ယောက်ဖြစ်ရင် ... (ကြီးမားသော ရည်မှန်းချက်အစီအစဉ်တွေကို ကောင်းစွာ မရေးဆွဲထားသူဖြစ်ရင်) အစီအစဉ်ငယ်တွေ ရေးဆွဲနိုင်သူဖြစ်အောင် စတင်ကြိုးစားပေးပါ ... ဘဝရည်မှန်းချက် အစီအစဉ်တွေကို ရေးဆွဲရာမှာ သင် အမှန်တကယ် အကောင်အထည်ဖော်နိုင်လောက်တဲ့ အစီအစဉ်တွေ ဖြစ်ဖို့ လိုပါတယ်။

သင်က ရည်မှန်းချက်တစ်ခုကို ကြီးကြီးမားမားချမှတ်ပြီး အစီအစဉ်တွေကလည်း များပြားနေမယ်ဆိုရင် ... သင် အမှန်တကယ် အကောင်အထည် မဖော်နိုင်တဲ့အခါ စိတ်ဓာတ်ကျပြီး မျှော်လင့်ချက်ဆုံးရှုံးရမှာကို သတိပြုပေးပါ။

ဒါကြောင့် အကောင်းဆုံးအစီအစဉ်တွေအနေနဲ့ တစ်ချိန်မှာ သင်တတ်နိုင်စွမ်းတဲ့ အစီအစဉ်လေးတွေကိုသာ ချမှတ်ပြီး ပြည့်စုံပြီးပြတ်အောင် နိုင်နင်းစွာ အကောင်အထည်ဖော်ပေးပါ။

mgyoe.com

mgyoe.com


# ၂၃

## သင့်ကိုယ်သင် ဘယ်သူဆိုတာကို သေချာစွာ မသိရှိခြင်း

လူအများစုက ကိုယ့်ကိုယ်ကိုယ် ဘယ်သူဆိုတာကို ကိုယ်တိုင်ကိုယ်ကျ သိရှိပြီးသားဖြစ်တယ်လို့ တထစ်ချ မှတ်ယူထားတတ်ကြပါတယ်။ ဒါဟာ တကယ်တော့ လူအများစုအတွက် မှန်ကန်မှုမရှိတဲ့ စကားသာ ဖြစ်ပါတယ်။ တချို့လူတွေဟာ ကိုယ့်ပင်ကိုအရည်အသွေး၊ စိတ်နေစိတ်ထား၊ စွမ်းဆောင်ရည်၊ စရိုက်လက္ခဏာတွေကို သေချာ ဂဃနဏ မသိထားတာကြောင့် အရေးပေါ်ကြုံတွေ့ရတဲ့ အခြေအနေတွေမှာ အမှားတွေကို ဆက်တိုက်လုပ်မိတတ်ကြပါတယ်။ ဒါကြောင့် သင့်ကိုယ်သင် သိတယ်ဆိုတာဟာ သင့်ရဲ့ ပင်ကိုအရည်အသွေး စရိုက်လက္ခဏာ အထုံပါရမီတွေ ဘယ်လောက်ရှိတယ်ဆိုတာကို အမှန်တကယ် နားလည်သိရှိခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုရခြင်း ဖြစ်ပါတယ်။ သင့်ကိုယ်သင် အမှန်တကယ် မသိသေးမျှ၊ သင် ဘယ်သူဆိုတာကို သင်ကိုယ်တိုင်က မသိသေးသ၍ ဘဝတိုးတက်အောင်မြင်ရေး ကိစ္စတွေမှာ အမြဲတမ်း အလွဲလွဲအချော်ချော်တွေ ဆက်တိုက် လုပ်ဖြစ်နေပါလိမ့်မယ်။

သင့်ကိုယ်သင် ဘယ်သူဖြစ်တယ်ဆိုတာကို သေချာမှန်ကန်စွာ သိရှိပြီးတဲ့အခါ သင့်အတွက် အောင်မြင်နိုင်ခြေများတဲ့ ဘဝရည်မှန်းချက်

mgyoe.com

mgyoe.com


တွေကိုချမှတ်ပြီး အကောင်အထည်ဖော်မယ့်အစီအစဉ်တွေ ရေးဆွဲပေးပါ။

သင် ဘယ်သူဖြစ်တယ်ဆိုတာကို သိခြင်းက သင့်ကို အောင်မြင်မှု ဆီရောက်အောင် ကောင်းစွာ လမ်းညွှန်ပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့် သင့်ကိုယ်သင် သိခြင်းသဘောကို ရည်ညွှန်းတဲ့ သင် ဘာကြိုက်တယ်၊ သင် ဘာကိုမကြိုက်ဘူး၊ ဘယ်အပိုင်းကဏ္ဍမှာ ကျွမ်းကျင်ပြီး ဘယ်ပညာရပ်နယ်ပယ်မှာတော့ အားနည်းလွန်းတယ်ဆိုတဲ့ အချက်တွေကို သင်ကိုယ်တိုင် ကြိုတင်သိရှိထားနိုင်အောင် ကြိုးစားပေးပါ။

❐

mgyoe.com

mgyoe.com

# ၂၄

## သင့်ဘက်က အလွယ်တကူ လက်လျှော့တတ်ခြင်း (လွယ်လွယ်ဖြင့် အရှုံးပေးတတ်ခြင်း)

လောကမှာ အောင်မြင်မှုဆိုတာဟာ ဘယ်တော့မှ အလွယ်တကူ ရရှိတတ်တဲ့ ထုံးစံမရှိဘဲ ထိုက်တန်သော ကြိုးစားအားထုတ်မှုတွေနဲ့ ပေးဆပ်နိုင်မှသာ တူညီသော အကျိုးရလဒ်အဖြစ် အောင်မြင်မှုကို ရရှိလာတာ ဖြစ်ပါတယ်။

ဒါကြောင့် အောင်မြင်မှုဆီသွားတဲ့ ခရီးလမ်းကြောင်းက ဘယ်လောက်ပဲ ရှည်လျားပြီး ဘယ်လောက်ပဲ အတားအဆီး၊ အခက်အခဲ၊ ခလုတ်တံသင်းတွေ များနေပါစေ ဘယ်တော့မှ လမ်းတစ်ဝက်ကနေ ပြန်လှည့်ဖို့ စိတ်မကူးသင့်ပါဘူး။ သင်က လမ်းတစ်ဝက်ကနေ ပြန်လှည့်လာပြီဆိုတာနဲ့ အလွယ်တကူ လက်လျှော့တတ်သူ၊ စိတ်ဓာတ်ကြံ့ခိုင်မှု မရှိသူ ... အလွယ်လမ်းကိုသာ စိတ်ဝင်စားတတ်သူ ဖြစ်မှန်းမသိ ဖြစ်သွားပါလိမ့်မယ်။

သင်က အရာရာကို (အခက်အခဲ၊ ပြဿနာ၊ စိန်ခေါ်မှုတိုင်းကို) လွယ်လွယ်နဲ့ အလျှော့ပေး၊ လက်မြှောက်လိုက်တယ်ဆိုရင် သင်ဟာ ဘဝတစ်သက်တာအတွင်း မျှော်လင့်ချက်မဲ့သူ၊ အောင်မြင်နိုင်သော အခွင့်အရေး လုံးဝမရှိသူ စိတ်ကူးအိပ်မက်တွေကို အကောင်အထည် မဖော်နိုင်သူတစ်ယောက် ဖြစ်နေပါလိမ့်မယ်။

mgyoe.com

mgyoe.com


# ၂၅

## ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အရာရာတိုင်းကို တတ်နိုင်စွမ်းသည်ဟု တစ်ဖက်သတ် ထင်မြင်ယူဆနေခြင်း

ယနေ့ အောင်မြင်မှုရရှိနေတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းရဲ့ စွမ်းပကားနဲ့ အကောင်းဆုံး တည်ဆောက်ခဲ့တာ မဟုတ်ပါဘူး။ အများနဲ့စုပေါင်းပြီး ဆိုင်ရာဆိုင်ရာ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရုံမက ကောင်းမွေ ဆိုးမွေ အားလုံးကို မျှဝေခံစားပြီးမှ အောင်မြင်အောင် လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

သို့သော်လည်း အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းကြီးတွေကို အရည်အချင်းပြည့်ဝတဲ့ ခေါင်းဆောင်တစ်ယောက်က ဦးဆောင်ပြီး တည်ထောင်ခဲ့တယ်ဆိုတာကိုတော့ အပြည့်အဝ လက်ခံထားရပါမယ်။

စီးပွားရေးလုပ်ငန်းကြီးကို တိုးတက်အောင် ဦးဆောင်ခဲ့သူဖြစ်စေ၊ ပိုင်ရှင်ဖြစ်စေ သူ့ကို ဝိုင်းဝန်းပံ့ပိုးမှု လုပ်ပေးနိုင်တဲ့သူတွေ ရှိမှသာလျှင် အောင်မြင်သော စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ် ဆက်လက် ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ ယနေ့ကမ္ဘာပေါ်က စီးပွားရေးလုပ်ငန်းများကို လေ့လာတဲ့အခါ ငွေကြေးချမ်းသာကြွယ်ဝမှုကြောင့်ဖြစ်စေ၊ အတတ်ပညာ၊ နည်းပညာရပ်မှာ ကျွမ်းကျင်တတ်မြောက်တဲ့သူဖြစ်စေ၊ စီးပွားရေး လုပ်ငန်းတစ်ခု တည်ထောင်ပြီဆိုတာနဲ့ သူတစ်ဦးတည်း အရာရာ မစွမ်း

mgyoe.com

mgyoe.com


ဆောင်နိုင်ဘဲ ဆိုင်ရာကဏ္ဍပေါင်းစုံအတွက် ပြီးပြည့်စုံစေဖို့ အများရဲ့ အကူအညီကို မလွဲမသွေယူရတာ တွေ့ရှိရပါတယ်။

သင့်ရဲ့ အထုံပါရမီ၊ ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်၊ ကိုယ်ပိုင် အတွေ့အကြုံတွေကြောင့် ကိုယ့်နည်းကိုယ်ဟန်ဖြင့် အရာရာတိုင်းကို တတ်နိုင်စွမ်းတယ်လို့ ယူဆမယ်ဆိုရင် ဘယ်လုပ်ငန်းကိုမျှ အောင်မြင် အောင် လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သင့်မှာ အထုံပါရမီ ကောင်းတွေရှိရင် ကိုယ်ပိုင်အတတ်ပညာတွေရှိရင် အဲဒီပါရမီကောင်းနဲ့ အတတ်ပညာတွေကို လက်တွေ့အကျိုးရှိရှိ အသုံးချနိုင်ဖို့ အများရဲ့ အကူ အညီ ယူရပါလိမ့်မယ်။

သင်က အရမ်းကို ကျွမ်းကျင်တဲ့ ပိုက်ပြင်ပိုက်ဆက်သမား တစ် ယောက်ဖြစ်ရင် (သို့) ကျွမ်းကျင်တဲ့ လျှပ်စစ်ပညာရှင်တစ်ယောက်ဖြစ်ရင် သင့်ပညာရပ်ကို အဆောက်အအုံတစ်ခုလုံး တည်ဆောက်ပြီးစီးမှုနဲ့ ပြီးပြည့်စုံမှုတွေအတွက် လိုအပ်သော အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖြည့် ဆည်းပေးရမှာ ဖြစ်ပါတယ်။ ကမ္ဘာကျော်သူဌေးကြီးတွေဖြစ်တဲ့ စတိဗ် ဂျော့ဂျ်၊ ဘီလ်ဂိတ်၊ ဇူကာဘတ်ဂျ်တို့ဟာလည်း သူတို့ရဲ့ အသိပညာ၊ အတတ်ပညာ၊ ငွေကြေးရင်းနှီးမှုတွေကို အခြားလူတွေနဲ့ ပူးပေါင်းပြီး လုပ်ငန်းတွေ တိုးတက်အောင် လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

❒

mgyoe.com

mgyoe.com


# ၂၆

## ငွေကြေးကို ကောင်းစွာ စီမံခန့်ခွဲနိုင်မှု မရှိခဲ့ခြင်း

သင်က ငွေကြေးသုံးစွဲမှုကို စနစ်တကျ စီမံခန့်ခွဲနိုင်မှု မရှိခဲ့ရင် အထူးသဖြင့် သင့်စီးပွားရေးလုပ်ငန်းက အသေးစားလုပ်ငန်းဖြစ်ခဲ့ရင် လွယ်လွယ်နှင့် ကျရှုံးသွားတတ်ပါတယ်။

ငွေကြေးကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်း မရှိသေးသမျှ သင့်ဘဝ တစ်သက်တာအတွင်းမှာ အမြဲတစေ အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ သင်က ဝင်ငွေထက် ထွက်ငွေများစေခဲ့မယ်ဆိုရင် လစဉ်တိုင်း ပေးဆောင်ရမယ့် ဘောလ်(ငွေတောင်းခံလွှာတွေ) အရေးပေါ် အခြေအနေတွေအတွက် ငွေကြေး သီးခြားဖယ်ထားနိုင်စွမ်း မရှိတော့ဘဲ အကြွေးပါတင်ရှိသွားနိုင်တာကို သတိပြုပေးပါ။

သင်က ငွေကြေးကို ကောင်းမွန်စွာ စီမံခန့်ခွဲမှုမရှိခဲ့ခြင်းကြောင့် အဆိုးဆုံးသောအခြေအနေအဖြစ် သင် အငြိမ်းစားပြီးတဲ့နောက်ပိုင်း သုံးစရာ ငွေကြေးမရှိတဲ့ လက်မဲ့ဘဝကို ရောက်ရှိတတ်ပါတယ်။

ဒါကြောင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတွေ အဆင်ပြေစေဖို့အတွက် ငွေကြေးဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ အကြံပြုစကားကို နားထောင်ပေးပါ။

mgyoe.com